ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

အမျိုးသားညီညွတ်ရေးအစိုးရ

ပညာရေးဝန်ကြီးဌာန

ကြေညာချက်အမှတ်(၁၁/၂၀၂၁)

၂၀၂၁ ခုနှစ်၊ မေလ (၁၅) ရက်

တက္ကသိုလ်၊ ဒီကရီကောလိပ်၊ သိပ္ပံများသို့ ပထမနှစ်တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူ အနာဂတ်ဦးဆောင်မည့်လူငယ်မောင်မယ်များသို့ အသိပေးတင်ပြချက်

၁။ အမျိုးသားညီညွတ်ရေးအစိုးရ၊ ပညာရေးဝန်ကြီးဌာနသည် ကြားကာလပညာသင်ကြားရေး အစီအစဉ်များကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။ အဆိုပါပညာရေး အစီအစဉ်များတွင် အခြေခံပညာရေး၊ အဆင့်မြင့်ပညာရေး နှင့်အသက်မွေးဝမ်းကျောင်းပညာရေး အစီအစဉ်များအားလုံး ပါဝင်နိုင်အောင် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါသည်။

၂။ ယခုအချိန်တွင် တရားမဝင်စစ်ကောင်စီက ကျောင်းများကိုအဓမ္မဖွင့်လှစ်၍ တရားမဝင် ပညာရေးများကို သင်ကြားပို့ချရန် ကြိုးစားလျက်ရှိသည်။ ယင်းတို့တွင် တက္ကသိုလ်ဝင်ခွင့်အစီအစဉ်များလည်းပါရှိရာ ဝင်ခွင့် လျှောက်လွှာများကို အတင်းအဓမ္မထုတ်ယူရန် ဖိအားပေးအကြပ်ကိုင်လျက် ရှိကြောင်းတွေ့ရသည်။

၃။ သို့ဖြစ်ရာ တက္ကသိုလ်ဝင်တန်းအောင်မြင်ထားသူများ၊ မိဘများအနေဖြင့် စစ်ကောင်စီမှ ဖိအားပေးပြီး အဓမ္မခိုင်းစေသော တက္ကသိုလ်ဝင့်ခွင့်လျှောက်လွှာများကို ထုတ်ယူခြင်းမပြုဘဲမိမိ၏ ဝါသနာ၊ အရည်အချင်းတို့နှင့်အညီ အဆင့်မြင့်ပညာများကို သင်ကြားနိုင်မည့် အမျိုးသားညီညွတ်ရေး အစိုးရ၊ ပညာရေးဝန်ကြီးဌာန၏ နိုင်ငံတကာအဆင့်မီ ကြားကာလတက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံဝင်ခွင့်အစီအစဉ်များတွင်သာ ချိတ်ဆက်ပါဝင်ဆောင်ရွက်ကြပါရန် အလေးအနက်ထား တိုက်တွန်းအပ်ပါသည်။

၄။ Online၊ Offline၊ On-ground နှင့် နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ထားသော အစီအစဉ်များပါဝင်ပြီး မည်သူမှကျန်ရစ်သူမရှိစေရေးမူအရ အားလုံးပါဝင်ပညာရေးသင်ကြားနိုင်ရေးကို အကောင်အထည်ဖော်ဆောင်မည့် ကြားကာလတက္ကသိုလ်၊ ဒီကရီကောလိပ်၊ သိပ္ပံဝင်ခွင့်အစီအစဉ်များ အသေးစိတ်ကို ထပ်မံ ကြေညာပေးသွားမည် ဖြစ်ပါသည်။

ဒေါက်တာဇော်ဝေစိုး
ပြည်ထောင်စုဝန်ကြီး
ပညာရေးဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ